# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ကြန် ၊ ဒေါ် | KYAN, Daw | Kran‘ , Do‘ | **Art.** MK0002 |

**Article Title** မဒရပ်ပါ အပျိုတော်များ

(Maids of honour in Madras)

Madarap‘ pa¯ a pyui to‘ mya¯

**Title (Book/Serial)** မြဝတီ

Myawaddy

**Issue and Volume** Vol. 17 , No. 1

**Edition**

**Place/ Publisher**

**Distributor**

**Ed. Date** Nov. 1968

**Pagination** p. 118 - 120

**Annotation** King Thibaw was deposed and deported to Madras on 10th Dec. 1885. Among those who accompanied the ex-Royal family were seven young maids-of-honour. Some of them were said to be Kachin girls. They were unhappy in India and became disobedient and troublesome. After four months they were sent back on the S.S. Asia. After their return the British administration granted each a pension of Rs. 10 a month, as long as they remained unmarried.

**Subject Terms** Myanmar - History - King Thibaw , 1878 - 1885.

**Key Words** Maids-of-honour

# မဒရပ်ပါ အပျိုတော်များ



မကြန်

သီပေါမင်းသည် ၁၂၄၇-ခု၊ တန်ဆောင်မုန်းလဆုတ် ဂ-ရက်(၂၉-နိုဝင်ဘာ ၁ဂဂ၅) တနင်္ဂနွေနေ့တွင် မိမိကိုယ်နှင့်တကွ တိုင်းပြည်ကိုပါ ဂျင်နရယ် ပရင်ဒါဂတ်လက်သို့ အညံ့ခံပေးအပ်လျက် အောင်နိုင်သူတို့ ဆောင်ကြဉ်းရာသို့ ပါတော်မူခဲ့ရပေသည်။ **သူရိယ** သင်းဘောဖြင့် နေပြည်တော်မှ ခွာခဲ့ရပြီး နောက် ရန်ကုန်မြို့တွင် **ကလိုက်** ခေါ် သင်းဘောပေါ်သို့ ရွှေ့ပြောင်းစံနေရလျက် ၁၂၄၇-ခု နတ်တော်လဆန်း ၄-ရက်(၁၀ ဒီဇင်ဘာ ၁ဂဂ၅)နေ့ ညနေတွင် **ကန်နင်း**သင်းဘောဖြင့် မဒရပ်သို့ ပို့ဆောင်ခံခဲ့ရလေသည်။

ထိုသို့ နန်းကျဘုရင်အဖြစ် ပြည်ပသို့ ပါတော်မူခဲ့ရစဉ်က သီပေါမင်းနှင့်အတူ လိုက်ပါကြသူများမှာ မိဖုရားကြီး စုဖုရားလတ်၊ မိဖုရားငယ် ရမည်းသင်းစုဖုရား၊ သမီးတော်နှစ်ပါး၊ အထိန်းတော် တောင်ဆင်းမြို့စား မင်းသမီးနှင့် မိုးညှင်းမြို့စားမင်းသမီး၊ အပျိုတော်ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဝေဠာ၊ သောခ၊ နန်းပေါ်၊ နန်းထူး၊ သံတော်ဆင့် ပန်းတဉ်းဝန်နှင့် ဘဏ္ဍာစိုးစာရေးကြီးတို့ ဖြစ်ကြလေသည်။

ထိုသို့လိုက်ပါကြသူများအထဲမှ ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာအစရှိသည့် အပျိုတော်ငယ်တစု၏အကြောင်းကို လက်လှမ်းမှီသမျှ အထောက်အထားများကို ကိုး၍ ဤစာတန်းတွင် တင်ပြပါသည်။

အပျိုတော်များမှာ အသက်အားဖြင့် အလွန်ငယ်နုကြသေးသည့် မလိမ်တမာအရွယ်ကလေးများသာဖြစ်ကြသည်။ တိမ်ပြာ မိလ္လာစသည်ဖြင့် အလွန်ကဗျာဆန်လှသည့် နာမည်များ ပေးထားသော်လည်း ထိုအပျိုတော်ကလေးများသည် စင်စစ် ကချင်အမျိုးသမီးငယ်များ ဖြစ်ကြသည်ဟု ဗြိတိသျှမှတ်တမ်းများက ဖော်ပြထားလေသည်။ ထို့ကြောင့် နန်းကျအရှင်သခင်နှစ်ပါးနှင့်အတူ မဒရပ်သို့လိုက်ပါကြစဉ်က တစုံတရာ လေးလေးနက်နက် တွေးတော မြော်ခေါ်ဆင်ခြင်မိကြမည်မဟုတ်ပေ။ ပေါ့ပေါ့တန်တန်ပင် သဘောထား၍ လိုက်ပါသွားကြဟန်တူလေသည်။

မဒရပ်သို့ရောက်၍ မကြာမြင့်မီပင် နေရပ်ကိုလွမ်းဆွတ်၍ ပြန်လိုကြသည့် ပြဿနာ ပေါ်ပေါက်ခဲ့လေတော့သည်။ သီပေါတို့ မိသားတစုမှာ ယင်းအထိန်းတော် အပျိုတော်တစုကိုသာလျှင် အဖော်ပြုနေရသည်ဖြစ်ရကား အပျိုတော်ကလေးများ မဒရပ်တွင်မပျော်ပိုက်ကြောင်း သိမြင်ရသည်တွင် များစွာ စိတ်မချမ်းမြေ့ ဖြစ်ကြရလေသည်။

မဒရပ်သို့ရောက်၍ သုံးလမျှအကြာ ၁ဂဂ၆-ခု ဖေဖေါ်ဝါရီလတွင်ပင် အပျိုတော်ကလေး အချို့သည် ရေးကကဲ့သို့ မကျိုးမနွံတော့ဘဲ ထောင်ထောင်လွှားလွှား ဖြစ်လာကြလေသည်။ တနေ့တွင် အပျိုတော်ကလေးနှစ်ယောက်တို့သည် မိမိတာဝန်ဝတ္တရားများကို လုံးဝမထမ်းမဆောင်ပဲဆန့်ပြကာအာခံနေကြသည်နှင့် ထိုအပျိုတော်ငယ်နှစ်ယောက်ကို ဆုံးမရန် သံတော်ဆင့် ပန်းတဉ်းဝန်အား သီပေါမင်းက အမိန့်ချမှတ်ရလေသည်။

ပန်းတဉ်းဝန်က ထုံးစံအတိုင်း ဆံကိုဆွဲ၍ ကျောကို တတောင်နှင့်ထောင်းကာ ဆုံးမလေသည်။ အပျိုတော်ငယ်နှစ်ယောက်လည်း ငိုယိုကာ အလုပ်ခွင့်သို့ ပြန်ဝင်ကြသည်။ အခိုက်အတန့်အဖို့ အစစအရာရာ ချောချောမွေ့မွေ့ ပြန်ဖြစ်သွားသော်လည်း ထိုသို့ဆုံးမလိုက်မှုသည် မကြာမီပင် အခြေအနေကို ထိန်းမရနိုင်အောင် အထိ ဖန်တီးဖြစ်ပေါ်စေခဲ့လေသည်။

မဒရပ်ပါ အပျိုတော်ငယ်တစုတို့သည် မန္တလေး နေပြည်တော်တွင်ဖြစ်မူ သက်ဦးဆံပိုင် ရေမြေ့ရှင်ဘုရင်မင်းမြတ်နှင့် မိဖုရား သားတော် သမီးတော်တို့ကို မော်၍ပင် ဖူးနိုင်ကြသူများ မဟုတ်ဘဲ ထားရာမှာနေ စေရာသွား၍ အသက်ဆံဖျားထားကာ ခစားကြရမည့်

သူများသာ ဖြစ်ပေသည်။ သို့သော် အခြေအနေကား ပြောင်းလဲသွားခဲ့ပေပြီ၊ ယင်းသို့ပြောင်းလဲသွားသည့် အခြေအနေကို မဒရပ်သို့ လိုက်ပါလာသည့် ကျွန်ရင်းများက နားလည်သဘောပေါက်ကြရုံမျှမက ကောင်းစွာ အခွင့်ကောင်းယူကြ အသုံးချကြသည်ဟု ဆိုရပေမည်။

ထို့ကြောင့် အပျိုတော်ငယ်တို့သည် ရှေးကကဲ့သို့ ပြားပြားဝပ် ရိုသွတ်ကိုင်းရှိုင်း ကျိုးနွံခြင်းမရှိတော့ဘဲ ကလန်ကဆန် ပြုမူနေထိုင်လာကြသည်။ လွတ်လွတ်လပ်လပ် နေထိုင်ပြောဆိုကြခြင်း၊ ကျယ်လောင်စွာ ရယ်မောကြခြင်း၊ ဆူညံဟစ်အော် ပြောဆိုကြခြင်းများ ပြုကြသည်။ ထို့ထက် ရံဖန်ရံခါ သီပေါမင်း အနီးအပါး ကြားသာမြင်သာသည့် နေရာများမှပင် မဆင်မခြင် ရုန့်ရင်းကြမ်းတမ်းမဖွယ်မရာသော စကားများ သုံးနှုန်းပြောဆိုကြသဖြင့် မင်းဖုရားတို့မှာ များစွာ မခံချိမခံသာ စိတ်ဆင်းရဲခြင်းဖြစ်ကြရသည်ဟု ဆိုပါသည်။ ဤတွင် အရှင်နှင့်ကျွန်တို့၏ ဆက်ဆံရေးမှာ ပို၍ မပြေမလည် ဖြစ်လာခဲ့လေသည်။

ထိုသို့ မပြေမလည် ဖြစ်ပေါ်လာမှုများကို နန်းကျ ဘုရင်နှင့် မိဖုရားတို့အားလိုက်ပါစောင့်ကြပ်နေရသည့် အရာရှိက ကြေအေးအောင် ဖြန်ဖြေစီစဉ်ပေးရလေ၏။ သို့သော် အလွန်ထက်မြက် ခက်ထန်လှသည့် စုဖုရားလတ်၏ စိတ်ကျေနပ်မှုရအောင်မစွမ်းဆောင်နိုင်ခဲ့ပေ။

စုဖုရားလတ်သည် ထိုသို့မနွံနာသည့် အပျိုတော်များကို လုံးဝမဆက်ဆံ၊ မိမိထံမခစားစေပဲ ဝိုင်းပယ်ထားသည်။ သူ၏စိတ်တိုင်းကျ ရှေးမူမပျက် ကျိုးနွံသူ အပျိုတော်ငါးဦးကိုသာ ခစားစေသည်။ အသုံးပြုလေသည်။ ဆုလာဘ်ပေးကမ်း ချီးမြှင့်လေသည်။ ဤတွင် ဝိုင်းပယ်ခံရသည့် အပျိုတော်များက ပိုမိုမကျေမချမ်းဖြစ်ကာ ဆူဆူပွက်ပွက် ရှိကြပြန်လေသည်။

အဖြစ်အပျက်မှာ စင်စစ်သော် ကြီးကျယ်လှသည် မဟုတ်ပေ။ သို့ရာတွင် နန်းကျ ဘုရင်နှင့် မိဖုရားတို့အတွက် အလွန်မခံချိစရာ ဖြစ်ပေမည်။ သုံးလတာမျှ ကာလအတွင်းဝယ် မိမိတို့သည် ရွှေမြေ့ရှင် သက်ဦးဆံပိုင် ဘုရင်မင်းမြတ်ဖြစ်ခဲ့ခြင်းကို လွယ်လင့်တကူ မေ့ပျောက်နိုင်ကြရန် ခဲယဉ်းလှပေမည်။မိမိတို့ ကျရောက်ရပ်တည်နေရသည့် ဘဝအမှန်ကို ဆင်ခြင် သုံးသပ်နိုင်ကြဦးမည်မဟုတ်ပေ။ထို့ကြောင့်အပျိုတော် ငယ်တို့၏ မကျိုးနွံမှု အာခံမှုပြောင်းလဲလာမှုကို လုံးဝသည်းမခံနိုင်၊ လစ်လျူမရှုနိုင် ရှိကြပေမည်။

အပျိုတော်ငယ်တို့ကား ပြောင်းလဲမှုကို သဘောပေါက်နားလည်၍ ရှေးကကဲ့သို့ ပြားပြား ဝပ်ဝပ် မရှိကြ၊ ရှေးကကဲ့သို့ အသက်ဆံဖျားထားကာ ကြော်ရွံ့ခြင်းမျိုး ကင်းလာကြသည်။ ထိုသို့ အပြုအမူပြောင်းလဲလာအောင်၊ သတ္တိရှိလာအောင်၊ လူမတတ်သော် လည်းလဘက်တတ်သည်ဆိုသကဲ့သို့ သွေးထိုး မြှောက်ပင့် သွန်သင်နည်းပြသူများလည်း ရှိမည်ဟု တွေးထင်နိုင်စရာရှိပေသည်။ စင်စစ် အခြေအနေကပင် ထိုသို့ဖန်တီးလျက် ရှိနေပေမည် ဖြစ်လေသည်။

ထိုအတွင်း ၁၈၈၆-ခု မတ်လတွင်အထိန်းတော် တောင်ဆင်းမြို့စား မင်းသမီး၏ ခင်ပွန်း ရန်ကုန်မြို့မှ လိုက်လာကာ တောင်ဆင်းမြို့စား မင်းသမီးကို ပြန်လည် ခေါ်ယူ သွားလေသည်။ တောင်ဆင်းမြို့စားမှာ ပထမသမီးတော်ထိပ်စုမြတ်ဖုရားကြီး၏ အထိန်းတော် ဖြစ်ရကား ထိုသို့ပြန်လည်လိုက်ပါသွားသည်တွင် များစွာ စိတ်ဝမ်း မချမ်းမမြေ့ဖြစ်ကြရပြန်လေသည်။ ထို့အတူ အထိန်းတော်မိုးညှင်းမြို့စား မင်းသမီးကိုလည်း သူ၏ဖခင်ဖြစ်သူက ကြေးနန်း ရိုက်ကာ ပြန်ခေါ်လေသည်။သို့သော် အထိန်းတော် မိုးညှင်းမြို့စားက မဒရပ်တွင်ပျော်ပိုက်အေးချမ်းပါသည်ဟု ဖခင်ထံအကြောင်းပြန်ကာ ဆက်လက်နေထိုင်ခဲ့သည်။

ယင်း မတ်လအတွင်းမှာပင် အပျိုတော်ငယ်တစုကို သံတော်ဆင့် ပန်းတည်းဝန်က ဆံကိုဆွဲ လဲအောင် ထောင်း၍ ဆုံးမသည့်အမှု ထပ်မံဖြစ်ပွား ခဲ့ပြန်သည်။ ဤအကြိမ်တွင်မူ ထိုသို့ ဆုံးမခြင်းသည် အကြောင်းမဲ့ သက်သက်ဖြစ်ရုံသာမက သီပေါမင်းက စေခိုင်းအမိန့်ပေးချက်လည်းမရှိဟု ဆိုပါသည်။ သို့နှင့် ဆုံးမခံရသည့် အပျိုတော် ၇-ယောက်သည် ထိန်းကွပ်မရအောင် မကျေမနပ် ဆူဆူပွက်ပွက်ဖြစ်ကြလျက် မြန်မာပြည်သို့ ပြန်ပို့ရန် တောင်းဆိုကြလေတော့သည်။ နောက်ဆုံး၌ ယင်းအပျိုတော်ငယ် ၇-ဦးကို မြန်မာပြည်သို့ ပြန်ပို့ခွင့်ပြုလိုက်ရလေသည်။

အပျိုတော်ငယ် ၇-ယောက်တို့သည် မြန်မာပြည်သို့ ပြန်ရန် အက် (စ်) အက် (စ်) အေရှ သင်္ဘောပေါ်သို့ ရောက်ပြီးမှ မိမိတို့၏အမှားကို နောင်တရ၍ သည်းထန်စွာ ငိုကြွေးကြသည်။ အရှင်နှစ်ပါးထံ ပြန်

ပို့ရန် တောင်းပန်ကြသည်ဟု ဆိုပါသည်။ သို့သော် အခါနှောင်းခဲ့လေပြီဖြစ်၍ **အေရှ၏** ခေါ် ဆောင်ရာ ရန်ကုန်မြို့သို့ပင် လိုက်ပါခဲ့ကြရလေသည်။

နန်းကျ မင်း-မိဖုရားတို့နှင့်အတူ အိန္ဒိယသို့ လိုက်ပါခဲ့သည့် အပျိုတော် ငယ် ၇-ဦး ကား ရတနာဂီရိသို့ မရွှေ့ပြောင်းရမီ မဒရပ်၌ ခေတ္တနေထိုင်ရစဉ်အတွင်း မြန်မာပြည်မှ ထွက်ခွာ၍ လေးလခန့်မျှ အကြာတွင်ပင် ရှေးကကဲ့သို့ မကျိုးမနွံတော့သည့် ပြဿနာပေါ်ကာ မြန်မာပြည်သို့ ပြန်ခဲ့ကြပေသည်။ ထိုသူများမှာ....

| | | |
|---|---|---|
| မိလ္လာ | ....အသက် | ၁၅-နှစ် |
| သောရီ .... | ။ | ၁၅ ။ |
| တိမ်ပြာ .... | ။ | ၁၅ ။ |
| ဝသန် .... | ။ | ၁၄ ။ (ဖခင်မှာ ပြည်မြို့မှ ဦးအောင်သန်း ဖြစ်သည်ဟု တွေ့ရသည်။) |
| နန်းပေါ.... | ။ | ၁၅ ။ |
| မင်းလွင်.... | ။ | ၁၇ ။ |
| ဟေမန် .... | ။ | ၁၃ နှစ်တို့ ဖြစ်ကြသည်။ |

ထူးခြား သည့်အ ချက် မှာ ထိုသူများအထဲမှ သုံးယောက်သည် ခရစ်ယာန် ဘာ သာ ဝင်များ ဖြစ်ကြသည်။ ထို့ထက် မိလ္လာသည် 'မေရီ' ဟူသည့် အမည်ကိုငင်း၊ သောရီသည် 'အီဗလင်' ဟူသည့် အမည်ကိုငင်း၊ တိမ်ပြာသည် 'ဩဂတ်စတာ' ဟူသည့်အမည်ကိုငင်း ခံယူထားသည်ဟု တွေ့ရခြင်းပင်ဖြစ်သည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် နန်းပေါ၊ မင်းလွင်နှင့် ဟေမန်တို့သည် မန္တလေးမြို့ရှိ မင်းသားမင်းသမီးကြီးအချို့တို့ထံ ခိုဝင်၍ ဆက် လက် နေ ထိုင် ကြသည်ဟု ဆိုပါသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ထိုအပျိုတော် ၇-ဦးကို ဗြိတိသျှအစိုးရက ထောက်ပံ့ကြေး ပေးထားသေးသည်။ထောက်ပံ့ကြေးမှာ ၁၈၈၆-ခုမေလမှစ၍ ကာလလျှင် ၁၀-ကျပ်စီဖြစ်ပြီးလျှင် အိမ်ထောင်ပြုသည်ထိ ဟူသည့် ကန့်သတ်ချက် ပါရှိလေသည်။

ယင်းအပျိုတော်တို့၏ ထောက်ပံ့ကြေးထုတ်ယူရာဌာနကို ထောက်ရှု၍ ပြောသော် အပျိုတော်ဝသန်နှင့် ဟေမန်တို့သည် မဒရပ်မှ ပြန်ရောက် ပြီးနောက် မန္တလေးမြို့တွင် ဆက်လက်နေထိုင်ကြသည်။ နန်းပေါ၊ မိလ္လာနှင့် မင်းလွင်တို့သည် ရန်ကုန်မြို့၌ နေထိုင်ကြ၍ သောရီနှင့် တိမ်ပြာတို့သည် မော်လမြိုင်မြို့တွင် နေထိုင်ကြကြောင်း တွေ့ရသည်။ထိုသို့ နေထိုင်ခဲ့ကြသည်မှာ မိမိတို့ သဘောဆန္ဒ အလျောက်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဗြိတိသျှအစိုးရတို့က ပို့ထားရာတွင် နေထိုင်ကြရခြင်းလည်း ဖြစ်နိုင်ပေသည်။

ဤကား မဒရပ်ပါ အပျိုတော် ငယ် တ စု ၏ အကြောင်း အထောက်အထား ရှာဖွေတွေ့ရှိရသမျှနှင့် တင်ပြခြင်းဖြစ်ပါသည်။ ထို့ထက် ဆက်လက်၍မူ သူတို့၏ သားမြေး ဆွေမျိုးနီးစပ်တို့ကသာလျှင် ဖြည့်စွက်ပြောဆိုနိုင်ကြလိမ့်မည်ဟု ထင်မြင်မိပါသည်။

အောက်ပါတို့မှ ထုတ်နှုတ်ကိုးကား ရေးသားခြင်း ဖြစ်ပါသည်။ ။

(၁) ကုန်းဘောင်ဆက် မဟာ ရာဇဝင်ကြီး (တတိယတွဲ)

(၂) Burma Foreign Proceedings, 1886-1890.

(၃) W.S. Desai: Deposed. King Thibaw of Burma in India, 1885-1916.

မကြန်